❖ သတ်မှတ်အရောင်းတန်ဖိုးအပေါ်တွင် (စုစုပေါင်းတန်ဖိုးလျော့ငွေနုတ်ပယ်ပြီးသော) မူလအဝယ်တန်ဖိုးနှင့် အခြေပစ္စည်းရောင်းချ / လဲလှယ်/ လွှဲပြောင်းနိုင်ရန် ဖြည့်စွက်အသုံးပြုခဲ့ရသည့် သာမန်ကုန်ကျစရိတ်များအား ခွင့်ပြု နုတ်ပယ်ပေးပါမည်။

**တွက်ချက်ပုံနမူနာ**

| | | ကျပ် |
|---|---|---|
| အခြေပစ္စည်းရောင်း/လဲ/လွှဲသည့်တန်ဖိုး | | =၁၀၀,၀၀၀,၀၀၀ |
| (နုတ်) ခွင့်ပြုစရိတ်များ | | |
| မူလအဝယ်တန်ဖိုး | = ၈၀,၀၀၀,၀၀၀ | |
| (-)တန်ဖိုးလျော့စုစုပေါင်း | = ( ၂,၄၀၀,၀၀၀ ) | |
| | ၇၇,၆၀၀,၀၀၀ | |
| ဖြည့်စွက်အသုံးစရိတ်များ (ဥပမာ-ဆေးသုတ်) | = ၂,၀၀၀,၀၀၀ | |
| ရောင်းချစရိတ်(ဥပမာ-ပွဲခ) | = ၂,၀၀၀,၀၀၀ | |
| | | (၈၁,၆၀၀,၀၀၀) |
| မြတ်စွန်းငွေ | | = ၁၈,၄၀၀,၀၀၀ |
| ကျသင့်အခွန်(၁၈,၄၀၀,၀၀၀x၁၀%) | | = ၁,၈၄၀,၀၀၀ |

မြန်မာနိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီဖြစ်ပါက အောက်ဖော်ပြပါအတိုင်း အခွန်ကျသင့်မည်ဖြစ်ပြီး၊ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရပါမည်။

| မြတ်စွန်းငွေ(ညီမျှကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|
| သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀% |
| သန်းပေါင်း(၁၀၀,၀၀၁)မှ(၁၅၀,၀၀၀)အထိ | ၄၅% |
| သန်းပေါင်း (၁၅၀,၀၀၁)နှင့် အထက် | ၅၀% |

**ဒဏ်ငွေကျသင့်ခြင်း**

❖ သတ်မှတ်ထားသည့်ရက်အတွင်း ဝင်ငွေကြေညာလွှာကို အချိန်မီမတင်သွင်းလျှင် ကျသင့်အခွန်၏ ၁၀%၊

❖ အခြေပစ္စည်းရောင်းချပြီး ရက်ပေါင်း ၃၀ အတွင်း ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရန် ပျက်ကွက်လျှင် ကျသင့်အခွန်၏ ၁၀% အသီးသီး ဒဏ်တပ်ရိုက်ခံရမည်ဖြစ်ပါသည်။

**အခွန်တာဝန်**

❖ နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့် အခွန်အကောက်များအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။

❖ ဥပဒေအရ ကျသင့်အခွန်များအား နိုင်ငံကြီးသား ပီသစွာဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

❖ နိုင်ငံတော်က ရသင့်ရထိုက်တဲ့အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ပေးကြပါသော **အခွန်ထမ်းပြည်သူများအား** အထူးကျေးဇူးတင်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများနှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(ရုံးချုပ်) ၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂။ (ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ ၃၇၈၃၇၂။ (မန္တလေး) ၀၂-၃၀၁၈၂ သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ,
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

# အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် ဝင်ငွေခွန်ထမ်းဆောင်ရာတွင် သိရှိဆောင်ရွက်ကြရမည့်အချက်များ




**Internal Revenue Department**

**Office Building (46), Nay Pyi Taw**

**https:www.irdmyanmar.gov.mm**

### အခြေပစ္စည်းဆိုသည်မှာ...

❖ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ် နှင့် လုပ်ငန်းဆိုင်ရာမတည်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ စာချုပ်စာတမ်းများ ကိုဆိုလိုပါသည်။

### အခြေပစ္စည်းမှ မြတ်စွန်းငွေ

❖ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ ၌ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ပြုလုပ်၍ရရှိသောမြတ်စွန်းငွေအတွက် အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရပါမည်ဟု ပြဋ္ဌာန်းထားပါသည်။

### ပေးဆောင်ရမည့်ရာခိုင်နှုန်း



❖ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (ခ)အရ " **မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓါတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍ** တွင် ပါဝင်လုပ်ကိုင်သော **ကုမ္ပဏီမှအပ ဖြစ်သည့် ပုဂ္ဂိုလ်စုများ** **သို့မဟုတ်** တစ်ဦးချင်းပုဂ္ဂိုလ်"ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် ပေးဆောင်ရပါမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရပါမည်။

### ကင်းလွတ်ခွင့်ရှိပါသလား...

❖ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ပုဒ်မ ၂၈ ၌ **နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍** ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်း ပြုလုပ်**သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည်** ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါသည်။

### ရောင်းချသူရဲ့အခွန်တာဝန်

❖ အခြေပစ္စည်းတည်ရှိရာ သက်ဆိုင်ရာမြို့နယ်အခွန်ရုံးတွေမှာ ရောင်းချပြီး ရက်ပေါင်း၃၀အတွင်း ဝင်ငွေကြေညာ လွှာတင်သွင်း၍ ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးဆောင်ရ ပါမည်။

### တင်ပြရမည့်အထောက်အထားများမှာ-

❖ အိမ်/မြေဖြစ်လျှင်-

(၁) အရောင်းအဝယ်စာချုပ်မိတ္တူ၊

(၂) မူလပိုင်ဆိုင်မှုအထောက်အထားများ၊

(၃) မြေပုံ/ မြေရာဇဝင်ပုံစံ - ၁၀၅/ ၁၀၆

(၄) အိမ်မြေအနေအထားပြဓာတ်ပုံ (ရှေ့/ နောက်/ ဘေးဝဲ/ ယာ)၊

(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား/ အိမ်ထောင်စုစာရင်းမိတ္တူ၊

(၆) တင်ပြလိုသည့်ကုန်ကျစရိတ်အထောက်အထားများ၊

❖ မော်တော်ယာဉ်/ရေယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်/ ထော်လာဂျီ ရောင်းချခြင်းနှင့် ပတ်သက်၍ အခွန်ထမ်းဆောင်ခွင့်ပြုရန် လာရောက် တင်ပြပါက အောက်ပါစာရွက်စာတမ်းများ တင်ပြရန် လိုအပ်ပါသည် -

(က) မော်တော်ယာဉ် / ရေယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်/ ထော်လာဂျီရောင်းချသူ၏ အမည်ပါရှိသည့် မှတ်ပုံတင်စာအုပ်မိတ္တူ၊

(ခ) ရောင်းချသူ၏အမည် ပါရှိသည့် ယာဉ်သက်သေခံလက်မှတ်မိတ္တူ၊ (တင်ပြနိုင်လျှင်)

(ဂ) ရောင်းချသူ၏ မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ (ကုမ္ပဏီအမည်ပေါက်ယာဉ်ဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ)

(ဃ) ရောင်းချသူ၏မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားသော အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူ၊ (ကုမ္ပဏီအမည်ပေါက်ယာဉ်ဖြစ်ပါက တင်ပြရန်မလို)

(င) အရောင်းအဝယ်ပြုလုပ်ခဲ့သည့် စာချုပ်မိတ္တူ၊

(စ) ရောင်းချမှုအတွက် အခွန်ထမ်းဆောင်လိုကြောင်း တင်ပြသည့်လျှောက်လွှာ၊

(ဆ) ရောင်းချသူကိုယ်တိုင်မဟုတ်လျှင်၊(ရုံးခွန်တံဆိပ်ခေါင်း ကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ)

(ဇ) ဝယ်ယူပိုင်ဆိုင်စဉ်က အခွန်ထမ်းဆောင်ခဲ့သည့် အထောက်အထားများ၊

(ဈ) ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ မိမိအမည်ပေါက်ဖြင့် ပြည်ပမှတင်သွင်းခဲ့သည့်ယာဉ်ဖြစ်ပါက အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် ရှင်းလင်းခဲ့သည့် အထောက်အထားများ၊

(ည) အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်းဖြင့် ရရှိခဲ့သည့် ယာဉ်ဖြစ်ပါက မူလပေးကမ်းစဉ် အမွေဆက်ခံစဉ်က စာရွက်စာတမ်းအထောက်အထားများ၊

### ပေးဆောင်ရမည့်အခွန်တွက်ချက်ခြင်း

❖ ရောင်းချသည့် အခြေပစ္စည်းသည် မြေ၊ အဆောက်အအုံနှင့်အခန်းများ၊ ယာဉ်များဖြစ်ခဲ့လျှင် သက်ဆိုင်ရာမြို့နယ်အခွန်ရုံးက **ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးမည်** ဖြစ်ပါသည်။

❖ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် ကုမ္ပဏီများ၏ မော်တော်ယာဉ်/ရေယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်/ထော်လာဂျီများရောင်းချခြင်းအတွက် အဆိုပါရုံးများ၏ ဌာနမှူးများက သတ်မှတ် စံနှုန်းများနှင့်အညီ ယာဉ်တန်ဖိုးသတ်မှတ်ပေးမည်ဖြစ်ပါသည်။